မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma

# မြန်မာနိုင်ငံ ၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးသည့်အပေါ် ထုတ်ပြန်ကြေညာချက်

၁။ စိုးရိမ်မှု၊ ကြောင့်ကြမှုနှင့် သံသယများဖြင့် ဖြတ်သန်းကြရသော စစ်တပိုင်းအစိုးရမှကြီးမှူးကျင်းပသည့် ၂၀၁၅ ရွေးကောက် ပွဲကြီးကား ကျင်းပပြီးစီး သွားပြီဖြစ်သည်။

၂။ စစ်သားများ၊ ဝန်ထမ်းများလွတ်လပ်စွာမဲမပေးနိုင်ခြင်း၊ မဲပေးခွင့်ရှိသော နိုင်ငံသားများအားလုံး မဲပေးခွင့် မရရှိခြင်း၊ လွတ်လပ်ပြီး တရားမျှတသော ဘက်မလိုက်သော ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲကော်မရှင် ဖြင့်ကျင်းပခွင့်မရခြင်း၊ လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာ ၂၅% ရရှိပြီးသားဖြစ်နေသော တပ်မတော်သားများမှ နောက်တကြိမ်ထပ် မဲပေးခွင့် ရှိနေခြင်း၊ ကြိုတင်မဲ ပေးသောဖြစ်စဉ်များတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် ဤရွေးကောက်ပွဲသည် လုံးဝလွတ်လပ်၊ သန့်ရှင်း၊ တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ပေ။

၃။ သို့ပါသော်လည်း ပြည်သူများအနေနှင့် မိမိတို့၏ နိုင်ငံရေးအခွင့်အရေးကို လွတ်လပ်စွာ ဆုတ်ကိုင်ဖေါ်ပြခဲ့ကြသည်။ စစ်အာဏာရှင်စံနစ်ကို ငြင်းဆိုပြီး ဒီမိုကရေစီအပြောင်းအလဲကိုသာ လိုလားကြောင်း၊ လက်ရှိအစိုးရကို တာဝန်ရပ်လိုက်ပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအစိုးရကို တာဝန်ပေးအပ်ကြောင်းကို တခဲနက်ဆန္ဒ ထုတ်ဖေါ်ပြလိုက်ကြသည်။ အခက်အခဲများကြားမှပင် မသမာမှုများကို လူထုအား နှင့်ကျော်လွှားပြီး အနာဂတ်တွင် စစ်မှန်သော ဒီမိုကရေစီကို ပိုင်ပိုင်နိုင်နိုင် ထင်ထင်ရှားရှား ထုဆစ်နိုင်ရန် တစ်ဦးချင်း ဆန္ဒမဲများဖြင့် အုတ်မြစ်ချခဲ့လိုက်ကြသည်။ ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုနှင့် မဟာဗျူဟာကျ ဆုံးဖြတ်နိုင်မှုကို ကမ္ဘာသို့ထုတ်ဖေါ်ပြသလိုက်နိုင်သည်။ ရဲရင့်ပြတ်သားသော ပြည်သူလူထုကို ချီးကျူး ဂုဏ်ပြု ပါသည်။

၄။ ဦးသိန်းစိန်အစိုးရ နှင့် ပြည်ခိုင်ဖြိုးပါတီတို့မှလည်း သတ္တိရှိရှိဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်သူ့ အဆုံးဖြတ်ကို ခံယူကာ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖေါ်၍ ချောမွေ့သော အာဏာလွှဲပြောင်းမှုကို ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာပြည်၏ ဂုဏ်သိက္ခာ ကိုမြှင့်တင်ပေးပါရန် ပန်ကြားသည်။ အနာဂါတ်တွင်လည်း အတိုက်အခံကောင်းအဖြစ် အသွင်ကူး ပြောင်းရေး ကာလတွင်ဆက်လက်ပါဝင်ရန်၊ အမျိုးသားပြန်လည် သင့်မြတ်ရေး အဆိုပြုချက်ကို လက်ခံပါရန် တိုက်တွန်း အပ်သည်။

၅။ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ ရခိုင်အမျိုးသား ပါတီ အပါအဝင် ရွေးကောက်ပွဲအောင်နိုင်ခဲ့ကြသော ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများ အားလုံးကို ဝမ်းမြောက်ချီးကျူး ဂုဏ်ပြုလိုက်ပါသည်။ ပြည်သူများ၏ တာဝန်ပေးချက်ကို သစ္စာရှိရှိဖြင့် ဆောက်ရွက်မည်၊ သန့်ရှင်းသော ပွင့်လင်းမြင်သာသော ဒီမိုကရေစီ နိုင်ငံရေးလုပ်ဟန်များကို အုတ်မြစ်ချပေးနိုင်မည်ဟု မျှော်လင့်သည်။

၆။ ပြည်သူများအနေဖြင့်လည်း ကိုယ်စားလှယ်များအား တာဝန်လွှဲအပ်ပေးလိုက်ခြင်းဖြင့် တာဝန်ကြေပြီဟုမယူဆဘဲ နိုင်ငံသားကောင်း တစ်ယောက်ဖြစ်စေရန် ကိုယ်ကိုယ်တိုင် ပြုပြင်ပြောင်းလဲခြင်း၊ တာဝန်ပေးအပ်လိုက်သော ကိုယ်စားလှယ်များကို ကူညီခြင်း၊ စောင့်ကြည့်ခြင်း၊ ထိန်းကျောင်းခြင်းတို့ကို ဆက်လက် တက်ကြွစွာလုပ်ဆောင်သွားရန် တိုက်တွန်းလိုက်သည်။

၇။ ချောမွေ့သော အာဏာလွှဲပြောင်းရေးဖြင့် စစ်မှန်သောဒီမိုကရေစီအသွင်ကူးပြောင်းမှုခရီးကို အမျိုးသားပြန်လည်သင့်မြတ် ရေးစိတ်ဓါတ်ဖြင့် နီးကြားတက်ကြွစွာ လျှောက်လှမ်းနိုင်ကြစေရန် ဆန္ဒမွန်ပြုပါသည်။ မိမိတို့အင်အားစုအနေဖြင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြုပါသည်။

၈။ လက်ရှိအစိုးရနှင့် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ နိုင်ငံရေး တက်ကြွ လှုပ်ရှားသူ အင်အားစုများအားလုံးအနေဖြင့် လက်တလောတွင်

* ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိလွှတ်ပေးရေး

* ဖမ်းဆီးခံ လယ်သမား၊ အလုပ်သမား အားလုံးလွှတ်ပေးရေး

* ဒီမိုကရေစီပညာရေးလှုပ်ရှားမှုတွင် ထိန်းသိမ်းခံနေရသော ကျောင်းသားများနှင့်ဝန်းရံပြည် သူများအပေါ် တရားစွဲဆိုမှုကို ချက်ခြင်း ရုတ်သိမ်းပေးရေး- ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်များတွင်ရှိသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်စေရေးနှင့် စစ်ပြေး ဒုက္ခသည်များထံ နိုင်ငံတကာ အကူအညီ၊ ပြည်တွင်းအကူအညီများ အမြန်ဆုံးရောက်ရှိစေရေးတို့ကို ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

(The Forum for Democracy in Burma (FDB) is a border-based coalition of political organizations and individuals who have been working for democracy since 1988.)

မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု

နိုဝင်ဘာ ၁၃ရက်နေ့၊ ၂၀၁၅ ခုနှစ်

ဆက်သွယ်ရန်

၁။ ဦးကျော်ထက် ဖုန်း + 66 884289997

၂။ ဦးနိုင်အောင် ဖုန်း + 66 818837230